Gender Equality Network

# အများပြည်သူလူမှုနေ့စဉ်ဘဝနှင့် လွှတ်တော်တွင်း ကျား၊မ ရေးရာ တန်းတူညီမျှမှု

အမျိုးသမီးများ လွှတ်တော်တွင်းသို့ ဝင်ရောက်ရန်ဖြစ်စေ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဆုံးဖြတ်ချက်ချမှတ်မှု အခန်းကဏ္ဍတွင် ဩဇာလွှမ်းမိုးမှုရရှိစေရန်ဖြစ်စေ နိုင်ငံရေးပါတီများသည် အမျိုးသမီးများအတက် ယှဉ်ပြိုင်ခွင့်ရှိသည့် အဓိက နေရာတစ်ခု ဖြစ်ပါသည်။ ပါတီ၏ဖွဲ့စည်းပုံ၊ မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့် စံသတ်မှတ်ချက်များသည် ကျား၊မ ရေးရာ တန်းတူညီမျှမှုက ပံ့ပိုးမြှင့်တင်ရာတွင် အရေးပါပါသည်။ အောက်ဖော်ပြပါနည်းလမ်းများသည် မြန်မာနိုင်ငံ၌ အရေးကြီးသော ကျား၊မ ရေးရာ တန်းတူညီမျှမှုပန်းတိုင်သို့ ရည်မှန်းလျက် နိုင်ငရေးပါတီများ ဆောင်ရွက်နိုင်မည့်နည်းလမ်းများ ဖြစ်ပါသည်။

## ပါတီတွင်း ဖွဲ့စည်းမှု

- ပါတီ၏ တရားဥပဒေမူဘောင်သည် ကျား၊မ ရေးရာ တန်းတူညီမျှမှုကို တိကျပြတ်သားစွာ ဖွင့်ဆိုရည်ညွှန်းရန်နှင့် ကိုင်တွယ်ဖြေရှင်းရန် သေချာမှုရှိပါ။
- ကော်မတီများနှင့် စီမံအုပ်ချုပ်ရေးဖွဲ့စည်းပုံတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှု သေချာစေရန်အတွက် ပါတီတွင်း အချိုးကျစနစ် အပါအဝင် စီမံချက်များကို ချမှတ်ပါ။
- ပါတီညီလာခံများနှင့် အစည်းအဝေးများတွင် အမျိုးသမီးများပါဝင်ရေးအတွက် အမျိုးသမီးသီးသန့် ဆွေးနွေးပွဲများ ကျင်းပခြင်း အပါအဝင် သတ်မှတ်ချက်ချမတ်ပါ။
- ပါတီများတွင် အမျိုးသမီးအုပ်စုများနှင့် ဌာနစိတ်များကို ပါတီဖွဲ့စည်းပုံအတွင်း စနစတကျပေါင်းစည်း၍ ထူထောင်ရန်နှင့် ၎င်းတို့၏အခန်းကဏ္ဍများနှင့် တာဝန်များကို တိတိကျကျပြဌာန်းရန် သင့်တော်သောဘဏ္ဍာငွေ သတ်မှတ်ပါ။
- ပါတီ၏ မူဝါဒအားလုံး၌ ကျား၊မ ရေးရာကို ထည့်သွင်းစဉ်းစားမှုရှိစေရန် သေချာစွာ ဆောင်ရွက်ပါ။

## ရွေးကောက်ပွဲအကြိုကာလ

- အလားအလာကောင်းသော မဲဆန္ဒနယ်မြေများတွင် အမျိုးသမီးကိုယ်စားလှယ်များ ဝင်ရောက်ယှဉ်ပြိုင်စေပါ။
- အမျိုးသမီး ကိုယ်စားလှယ်လောင်းများ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ပေးပါ။
- ရန်ပုံငွေရှာဖွေခြင်း၊ သတင်းအချက်အလက်စုဆောင်းခြင်း၊ မီဒီယာနှင့်ဆက်ဆံခြင်း၊ မဲဆန္ဒရှင်များနင့်ဆက်ဆံခြင်း စသည့် အရည်အချင်းများကို မြှင့်တင်ရေးအတွက် သင်တန်းပေးပါ။
- ရပ်ရွာအခြေပြုအဖွဲ့အစည်းများနှင့် မဟာဗျူဟာမြောက်မိတ်ဖက်ဖွဲ့စည်းပါ။ အများပြည်သူလူမှုနေ့စဉ်ဘဝနှင့် ဆုံးဖြတ်ချက် ချမှတ်မှုကဏ္ဍတို့၌ အမျိုးသမီးများပါဝင်နိုင်မှု မြှင့်တင်ရေးအတွက် အမျုးသားများနှင့်ပူးပေါင်း ဆောင်ရွက်ပါ။
- နိုင်ငံအချင်းချင်းနှင့် ဒေသအတွင်း အတွေ့အကြုံများကို ဖလှယ်ပါ။

## ရွေးကောက်ပွဲကာလ

- ခေါင်းဆောင်မှုအခန်းကဏ္ဍအတွက် လွှုပ်ရှားမှုလုပ်ငန်းစဉ်များ၌ အမျိုးသမီးများကို မြှင့်တင်ပေးပါ။ လေ့ကျင့်ပျိုးထောင် ပေးပါ။
- လှုပ်ရှားမှုလုပ်ငန်းစဉ်များ၌ အမျိုးသမီးများ၏ပါဝင်ဆောင်ရွက်မှုကို မီဒီယာများမှ ဇောင်းပေးထည့်သွင်းဖော်ပြခြင်း အားဖြင့် ပေါ်လွင်ထင်ရှားမှုရှိစေရန် သေချာစွာဆောငရွက်ပါ။
- အမျိုးသမီးဦးစားပေး ပါတီတွင်းရာထူးနေရာများကို ဖော်ထုတ်၍သတင်းထုတ်ပြန်ပါ။

Source: *Empowering Women for Stronger Political Parties: A Guidebook to Promote Women's Political Participation,* UNDP and the National Democratic Institute for international Affairs, 2012. Available for free download at http://www.undp.org/content/undp/en/home/librarypage/womens-empowerment.html

8 January 2013

- အမျိုးသမီးများ၏ဆန္ဒမဲများ အရေးပါပုံနှင့် လွှတ်တော်တွင်းအမျိုးသမီးများ၏ ကိုယ်စားပြုမှုအရေးပါပုံ သတင်းအချက်အလက်များကို မဲဆန္ဒရှင်များထံပေးပိုပါ။

## ရွေးကောက်ပွဲလွန်ကာလ

- အမျိုးသမီးများအားတိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ခွဲခြားဆက်ဆံမှုပြုသည့် အလေ့အထများနှင့် ဥပဒေများကို ဖော်ထုတ်ရန်နှင့် ပယ်ဖျက်ရန် ရည်ရွယ်ချက်ဖြင့် ပါတီတွင်း ကျား၊မ ရေးရာ တန်းတူညီမျှမှုအဆင့်ကို အကဲဖြတ်ပါ။
- အိမ်ထောင်သည်လွှတ်တော်ကိုယ်စားလှယ်များအတွက် လျော်ကန်သင့်မြတ်မည့် လွှတ်တော်တက်ရောက်သည့် အချိန်အတိုင်းအတာနှင့် လွှတ်တော်အချိန်ဇယားကို ပြောင်းလဲသတ်မှတ်ခြင်းကဲ့သို့သော ကျား၊မ တန်းတူ အလေးထား ရှုမြင်သော ပြုပြင်ပြောင်းလဲမှုကို မြှင့်တင်ပါ။
- ကျား၊မ ရေးရာအခြေပြုအကြမ်းဖက်ခြင်းကို တိုက်ဖျက်မှု သို့မဟုတ် သားသမီးရှိသောမိဘများ၏ခွင့်ခံစားမှု သို့မဟုတ် မျိုးဆက်ပွားမှုဆိုင်ရာအခွင့်အရေးများကဲ့သို့သော ကျား၊မ ရေးရာအထူးပြုမူဝါဒ ပြုပြင်ပြောင်းလဲရေးတို့ကို ပံပိုးကူညီဆောင်ရွက်ပေးပါ။ တရားဥပဒေ၊ ကျန်းမာရေး၊ လူမျိုးစု၊ အလုပ်သမား၊ မြေ/ယာအခွင့်အရေးများ၊ လူမှုဖူလုံရေးနှင့် အမွေဆက်ခံခွင့်ဆိုင်ရာကဏ္ဍများ၌ ကျား၊မ ရေးရာ တန်းတူညီမျှမှုကို မြှင့်တင်ပေးပါ။ ဤနည်းအားဖြင့် ပါတီ၏ မူဝါဒရေးရာများတွင် ကျား၊မ ရေးရာကို ဆောင်ရွက်မှုတိုင်း၌ ထည့်သွင်းစဉ်းစားရန်နှင့် အမျိုးသမီးများ လုပ်နိုင်စွမ်း ပိုမိုရရလာစေရန် လုပ်ဆောင်ပါ။
- အမျိုးသမီးများ၏ စိတ်ဝင်စားမှုများနှင့် စိုးရိမ်မှုများကို ဖော်ဆောင်ရာတွင် ကူညီဆောင်ရွက်ပေးပါ။ မူဝါဒရေးဆွဲမှုနှင့် အစိုးရအနေဖြင့် သတိမပြုမိလိုက်သောလစ်ဟာမှုရှိသည့်နေရာတို့၌ ကျား၊မ ရေးရာကို ဆောင်ရွက်မှုတိုင်းတွင် ထည့်သွင်းစဉ်းစားခြင်းအားဖြင့် ကူညီဆောင်ရွက်ပေးပါ။ ပါတီအချင်းချင်းအကြား အမျိုးသမီးကွန်ရက်များနှင့် လွှတ်တော်အတွင်း အမျိုးသမီးများ၏ သီးသန်အစည်းအဝေးများကို ကူညီပံ့ပိုးပါ။
- နိုင်ငံရေးအဖွဲ့အစည်းတစ်ခုမှ ရွေးကောက်တင်မြှောက်ခံရသည့် အမျိုးသမီးများအား လွှတ်တော်အဖွဲ့တွင်ဖြစ်စေ (ဥပမာ - အဖွဲ့ဥက္ကဋ္ဌ)၊ လွှတ်တော်ကော်မတီများတွင်ဖြစ်စေ (ဥပမာ - ဥက္ကဋ္ဌ သို့မဟုတ် အဓိကပုဂ္ဂိုလ်) ခေါင်းဆောင်မှုအခန်းကဏ္ဍတွင် ခန့်အပ်ခြင်းရှိစေရန် ဆောင်ရွက်ပေးပါ။
- ရွေးကောက်တင်မြှောက်ခံရသည့် အမျိုးသမီးများအား သင့်တင်လျောက်ပတ်သောသင်တန်းများ၊ အရည်အချင်းမွမ်းမံမှုများ စသော အခွင့်အလမ်းများရရှိစေရန် ဆောင်ရွက်ပေးပါ။ အခြားနိုင်ငံများသို့ အပြန်အလှန် သွားရောက်လေ့လာခွင့်များ ရရှိစေရန်လည်း ဆောင်ရွက်ပေးပါ။
- ပါတီဝင်များအားလုံး (အမျိုးသမီးများနှင့် အမျိုးသားများ)အား ကျား၊မ ရေးရာတန်းတူညီမျှမှုနှင့် စပ်လျဉ်း၍ အသိအမြင် နိုးကြားမှု မြှင့်တင်ပါ။

## မြန်မာနိုင်ငံ - ၂၀၁၂ခုနှစ် လွှတ်တော်အတွင်းရှိ အမျိုးသမီးများ

| | (က)<br>မဲဆန္ဒနယ်/ခန့်အပ်ခြင်းခံရသူ အရေအတွက် | (ခ)<br>ရွေးကောက်ခံရသည့် ကိုယ်စားလှယ်အရေအတွက် | ရွေးကောက်ခံရသည့် အမျိုးသမီးအရေအတက် | လွှတ်တော်၌ ရွေးကောက်ခံရသည့် အမျိုးသမီးရာခိုင်နှုန်း |
|---|---|---|---|---|
| ပြည်သူ့လွှတ်တော် | ၄၄၀<br>-မဲဆန္ဒနယ် ၃၃၀<br>-တပ်မတော်ကိုယ်စားလှယ် ၁၁၀ | ၃၂၂ | ၂၅ | ၅.၇%-စုစုပေါင်း ၄၄၀ (က)<br>၇.၈%-ရွေးကောက်ခံ ၃၂၂ (ခ) |
| အမျိုးသားလွှတ်တော် | ၂၂၄<br>-မဲဆန္ဒနယ် ၁၆၈<br>-တပ်မတော်ကိုယ်စားလှယ် ၅၆ | ၁၆၈ | ၄ | ၁.၈%- စုစုပေါင်း ၂၂၄ (က)<br>၂.၄%- ရွေးကောက်ခံ ၁၆၈ (ခ) |
| ပြည်ထောင်စုလွှတ်တော် | ၆၆၄<br>-မဲဆန္ဒနယ် ၄၉၈<br>-တပ်မတော်ကိုယ်စားလှယ် ၁၆၆ | ၄၉၀ | ၂၉ | ၄.၄%- စုစုပေါင်း ၆၆၄ (က)<br>၆.၀%- ရွေးကောက်ခံ ၄၉၀ (ခ) |
| ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော် | ၈၈၇<br>-မဲဆန္ဒနယ် ၆၆၅<br>-တပ်မတော်ကိုယ်စားလှယ် ၂၂၂ | ၆၆၃ | ၂၄ | ၂.၇%- စုစုပေါင်း ၈၈၇ (က)<br>၃.၆%- ရွေးကောက်ခံ ၆၆၃ (ခ) |
| စုစုပေါင်း | ၁၅၅၁ | ၁၁၅၃ | ၅၃ | ၃.၄%-စုစုပေါင်း ၁၅၅၁ (က)<br>၄.၆%- ရွေးကောက်ခံ ၁၁၅၃ (ခ) |

(ဖန်တီးအိမ်နှင့် ကျား၊မ ရေးရာ တန်းတူညီမျှရေး ကွန်ရက်မှ ပြုစုသည့်မှတ်တမ်း၊၂၀၁၂)

Source: *Empowering Women for Stronger Political Parties: A Guidebook to Promote Women's Political Participation,* UNDP and the National Democratic Institute for international Affairs, 2012. Available for free download at http://www.undp.org/content/undp/en/home/librarypage/womens-empowerment.html